ရွှေပဒေသာစာပေ

# အလင်းသစ်

## လရောင်နမ်းတဲ့ပန်းကလေး

(အချစ်လုံးချင်းဝတ္ထုသစ်)



# အခန်း (၁)

" လာပြီ . . . လာပြီ"

"ဟင် . . .ဘာလဲ"

"ကောင်းစားသူ"

"ဦးထည့်ခေါ်စမ်းပါ"

"အဲဒါနဲ့ သူများ ဦးသွားဦးမယ် . . . မြန်မြန်လာ"

ဖူးဝတ်ရည်က လက်ဆွဲခေါ်လေမှ ကိုယ့်အလုပ်ကို သတိရပြီး ထပြေးခြင်းမှာ ကသီးကရွဲနိုင်လှ၏။ ဦးထုပ်ကျွတ်ကျတာကို ပြန်ကောက်မလို့ လုပ်ပြီးမှ ၊ စိတ်က သူမအလုပ်ထက် ဦးထုပ်က အရေးမကြီးဘူးဟု ပြန်မကောက်ဖြစ်တော့။ သူမက သတင်းထောက်ဆိုတော့ သတင်းရယူ ဖို့ က အသက်လောက် အရေးကြီးသည် လေ။

ဦးကောင်းစားသူဆိုတာ . . .

မကြာသေးခင် အချိန်က စင်တာတစ်ခုကို တည်ထောင်လိုက်သူ။ မကြာသေးခင်ဆိုတာ တောင် တစ်နှစ်ကျော်လောက်ပြီ။ သူတည်ထောင်လိုက်တဲ့ စင်တာက နာမည်ကြီးသည် ဆိုတော့ သူ့ကို လူတော်များများက စိတ်ဝင်စားကြသည် ။ ဒီအထဲမှာ မဒီတို့ လည်း အပါအဝင်ပေ့ါ။

"ဟိုမှာ . . .ဟိုမှာ "

“ဘာလဲ”

“ဦးကောင်းစားသူလေ”

“ဟယ်”

ဖူးဝတ်ရည် လက်ညှိုးထိုးပြရာသို့ လိုက်ကြည့်မိပြီး ‘ဟယ်’ လို့ အသံထွက်သွားတဲ့ ပါးစပ်က ပြန်မပိတ်မိဘဲ ဒီအတိုင်း ဟဟပဲ ရှိနေ၏။ တကယ်ကို မယုံနိုင်လောက်အောင်ပါပဲ။ ဦးကောင်းစားသူဆိုတာကို မဒီနာမည်သာ ကြားဖူးပြီး လူကိုတစ်ခါမျှ မမြင်ဖူးပေ။

ကြည့်စမ်းပါဦး . . .။

ဦးကောင်းစားသူဆိုလို့ အသက်လေးဆယ်ငါးဆယ်လောက်ရှိမယ်လို့ ထင်ထားတာ၊ အခု တွေ့လိုက်ရတော့ ငယ်ငယ်ချောချောပဲကိုး။ မဒီ ရှေ့မတိုးဖြစ်ဘဲ ဒီအတိုင်းရပ်နေလျက်ကနေ မလွတ်တမ်း ငေးကြည့်နေမိတာ ကျောက်ရုပ်တစ်ရုပ်သို့နှယ်။ ကောင်းစားသူတဲ့ ။ နာမည်က စီးပိုးသလို လူကလည်း တစ်ခါမြင်ဖူးရုံနဲ့ မေ့ဖို့ ခက်တဲ့ ရုပ်မျိုးပါပဲ။

မျက်ခုံးကထူထူ နှာတံစင်းစင်းနဲ့ နီထွေးထွေးနှုတ်ခမ်းတို့ ဟာ ပြုပြင်ခြယ်သထားတာ မဟုတ် ဘဲ သူ့နေရာနဲ့ သူ အချိုးကျပြီး ကြည့်ကောင်းနေတာပါ။ မိန်းကလေးတွေ လှတယ်ဆိုတာက ပြုပြင် ခြယ်သမှုပါတယ်လေ။ သူက ယောကျ်ားကြီးပဲဥစ္စာ၊ ပြုပြင်စရာလား။ နဂိုရှိလို့ နဂိုင်းထွက်နေတဲ့ ရုပ်ဟာ ရွှေမှုန်ကိုစားပြီး မွေးဖွားထားလေရော့သလား။

မီးခိုးရောင် ကုပ်အင်္ကျီကို ထပ်ဝတ်ထားပြီး အထဲမှ ရှပ်အင်္ကျီက အပြာနုရောင် ကွမ်းရိုးစင်း နှင့်။ ဘောင်းဘီကတော့ အနက်ရောင်ဖြစ်ပြီး နက်ခ်တိုင်ကတော့ အားလုံးကို ခြုံငုံထားသော အဖြူ၊ အနက်၊ အပြာနုနှင့် မီးခိုးရောင်တို့ ပါဝင်ပြီး စောင်းအစင်းလေး

တွေ၊ သူနဲ့ တော့ ဘာပဲဝတ်ဝတ် ကြည့် ကောင်းနေသည် ထင်ပါရဲ့ ။

သူ့ကိုမြင်လိုက်ရပြီး . . .

သတင်းရဖို့ ကို အသက်ထက်တန်ဖိုးထားသော မဒီ ကိုယ်လာခဲ့ရတဲ့ အကြောင်းအရင်းကို မေ့ပြီး ကျောက်ရုပ်ဖြစ်သွားသည့်နှယ်။

"မဒီ"

" . . ."

"မဒီ"

" . . ."

"ဟဲ့ . . .မဒီ"

"အင် . . .ဟင်"

ပခုံးကို ခပ်ဆတ်ဆတ်ရိုက်လိုက်မှ ပဲ မဒီ အလန့်လန့် မဖျပ်ဖျပ်နှင့် ထူးမိ၏။

"ဘယ်လိုဖြစ်ရတာလဲမဒီရယ် . . .။ ဘာလဲ နင့်ခြေထောက်မြေမျိုခံလိုက်ရလို့ နှုတ်မရတော့ဘူး လား"

ဖူးဝတ်ရည် ပြောမှ ပဲ ကိုယ့်အဖြစ်ကို သတိရကာ . . .

"ဆောရီး . . . ဆောရီး ဖူး"

"ဆောရီးမနေနဲ့ ငါဒေါ်ခါးသွားပြီ သိလား။ နင်လုပ်တာနဲ့ ဟိုကသွားပြီ"

ဟုတ်ပါရဲ့ ။ ထွက်သွားပြီဖြစ်တဲ့ သူပုံစံက နောက်မှ ကြည့်တော့လည်း လေးငါးယောက်ထဲမှာ ထင်းနေသလိုပါ။ အရပ်ကရှည်ပြီး သွားပုံ

လာပုံ စမတ်ကျလို့ ပဲ နောက်ကကြည့်တာတောင် ထင်းနေ တာလား။

“ဟဲ့ . . .မဒီ”

“ဘာလဲ . . .ဟဲ့

“ဘယ်လိုလုပ်ကြမလဲ”

“လိုက်မယ်”

“ဖြစ်ပါတော့မလား”

“ဖြစ်တယ်”

ခုမှ ပဲ မဒီ ခြေထောက်တွေက သူ့နောက်လိုက်ဖို့ အမိန့်ပေးခံရခြင်းနှင့်အတူ သွက်လက်မြန်ဆန်စွာ။ မဒီနဲ့ အဖော်လိုက်လာတဲ့ ဖူးဝတ်ရည်ခဏလေးမှာ ပဲ ရှူးချင်စိတ်ပေါက်သွား ၏။ စောစောကတော့ ကျောက်ရုပ်လုပ်နေပြီး အခုကျတော့ လိုက်သွားတာ မပြေးရုံတမယ်။

“ကျွန်တော် ခုလုပ်မယ့် promotion ပွဲလေးမှာ ထူးခြားတဲ့ အစီအစဉ်တစ်ခု ထည့်ချင်တယ်။ အဲဒါ အန်ကယ်ကူညီနိုင်မလား”

“ဟာ . . . အချင်းချင်းတွေပဲဥစ္စာ၊ ကူညီရမှာ ပေ့ါ ကိုကောင်းရာ”

“အန်ကယ့်ကို ကျွန်တော် ဘာမှ မပြောရသေးဘဲနဲ့ ဘာဖြစ်လို့ ရမ်းပြီး လွယ်လွယ်ကတိပေးရတာ လဲ”

“အဲဒါ”

ဦးမျိုးသူ ရုတ်တရက် ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွား၏။ ကောင်းစားသူဆိုတာ စကားပြောရင် တိကျပြတ်သားသူ။ ကတိပေးပြီးရင် ဖြစ်အောင်လုပ်မှ ။ ကတိပျက်သူဆိုရင် သူနဲ့ ရေရှည်လက်တွဲလို့ မရဘူးလေ ။ ကိုယ်က သူနဲ့ မကင်းရာ မကင်းကြောင်းမို့ သူပြောတာကို ကူညီမယ်

လို့ လွယ်လွယ် ခေါင်းညိတ်လိုက်တာ ဖြစ်၏။

“ဟို . . . အန်ကယ်က ကိုကောင်းနဲ့ ပတ်သက်လာရင် ဖြစ်နိုင်တာဆို ကူညီချင်တဲ့ သူပါ”

“ကတိကို လွယ်လွယ်မပေးရဘူး အန်ကယ်။ အချို့ကိစ္စတွေက သက်စွန့်ဆံဖျား လုပ်ရတာတွေ ရှိတယ်”

“အသက်နဲ့ ရင်းရလောက်တဲ့ အလုပ်မျိုးတော့ ကိုကောင်းအန်ကယ့်ကို အကူအညီမတောင်းဘူး ထင်လို့ ပါ”

“ဟုတ်ပါတယ် . . .ကျွန်တော်ကလည်း အသက်နဲ့ ရင်းရမယ့် ကိစ္စမျိုးဆို သူများကို ဘယ်တော့ မှ အကူအညီမတောင်းဘူး။ ကိုယ်တိုင်ပဲ လုပ်မှာ ”

“ဒါဆို . . . ကိုကောင်း အကူညီတောင်းတဲ့ ကိစ္စက”

“ကျွန်တော်လုပ်မယ့် promotion ပွဲမှာ နာမည်ကြီးအဆိုတော်တွေနဲ့ နာမည်ကြီးမော်ဒယ်လ် တွေ ပါတာလည်း ပါတာပေါ့။ ရွက်ပုန်းသီးလေးတွေကိုလည်း ဖိတ်ပြီး ကျွန်တော် ပွဲထုတ်ပေးချင် တယ်။ ပြိုင်ပွဲသဘောမျိုးလေးလုပ်ပြီး တော်တဲ့ လူကို တော်သလို ဆုချသွားမယ့် အစီအစဉ်လေးပါ။ အဲဒီကိစ္စ အန်ကယ် တာဝန်ယူပေးနိုင်မလား”

ဦးမျိုးသူ တွေခနဲဖြစ်သွားသည် ။ ကိုကောင်းက ချက်ချင်းကတိပေးပြီးမှ မဖြစ်ဘူးဆိုတာ ရှိလာ ရင် မကြိုက်တဲ့ သူမို့ ချက်ချင်း ခေါင်းမညိတ်တော့တာ ဖြစ်၏။ ကိုယ်ဆောင်ရွက်ပေးနိုင် မပေးနိုင်ကို အရင်စဉ်းစားပြီး၊ ကိုယ်ကလည်း ခြေတံလက်တံရှည်မို့ လှမ်းနိုင်ကမ်းနိုင်သည် ဟု တစ်ထစ်ကျ ယုံကြည်မှုရှိမှ . . .

“စိတ်ချပါ . . . ဒီကိစ္စ အန်ကယ် ကူညီဖို့ တာဝန်ယူပါတယ်”

“အဲဒီအတွက် ကျေးဇူးတင်ပါတယ်”

“ဦးကောင်းစားသူ”

“ဟင်”

ကောင်းစားသူ မျက်မှောက်ကြုတ်သွား၏။ သူ့ကို ပြုံးပြနေတဲ့ ဒီမျက်နှာကို သူတစ်ခါမျှ မမြင်ဖူးပေ။ ဘာတွေ ဇယားလာရှုပ်တာလဲ။

“ကျွန်မက သတင်းထောက် မဒီကျော်ထွန်းပါ”

“ဘာ”

“ဟိုလေ”

“တော်ပြီ ဆက်မပြောနဲ့ ”

သတင်းထောက်ဆိုတာနဲ့ သဘောပေါက်လိုက်ပြီလေ။ အောင်မြင်နေတဲ့ စီးပွားရေးသမားတွေ ဆိုရင် ဒီလိုပဲ အင်တာဗျူးလိုက်လုပ်နေကြတာ သူစိတ်ရှုပ်လို့ အတွေ့မခံခဲ့တာ ဒီနေ့ထိ။ အခု ရှောင် လို့ မရအောင် တည့်တည့်တိုးနေပြီဆိုတော့ . . .

“ဘာဖြစ်လို့ လဲဟင်”

“ဘာမှ မဖြစ်ဘူး။ မင်းမေးသမျှကို ဖြေဖို့ စိတ်ကိုမဝင်စားတာ”

“ဟာ . . . ဘယ်လိုလဲ။ ကျွန်မ မေးတာကို ဖြေလိုက်ရင် ရှင့်စင်တာ ပိုပြီး နာမည်ကြီးသွားမှာ လေ။ ကြော်ငြာသလိုဖြစ်မယ့် ကိစ္စကို”

“မလိုဘူး . . . ကြော်ငြာဖို့ အတွက် မော်ဒယ်လ်တွေရှိတယ်။ ငါ မင်းတို့ မေးသမျှကို ဖြေရ အောင် တရားခံ မဟုတ်ဘူး ။ ပြီးတော့ မင်းသားလိုလည်း ရုပ်လုံးပြစရာမလိုဘူး”

“ရှင် အဲဒီလောက် ကြီးကျယ်လိမ့်မယ်လို့ ကျွန်မ တကယ်ထင်မထား

ဘူး သိလား”

“အခု . . .ကြီးကျယ်မှန်း မင်းသိသွားပြီမို့လား . . .။ နောက် လှည့်ပြန်လိုက်တော့ပေါ့”

မဒီ စိတ်ထဲမှာ တင်းသွားခြင်းနှင့်အတူ သူ့ကို ခပ်စူးစူးကြည့်လိုက်မိ၏။ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရလို့ နည်းနည်းငြိုငြင်မိတာကလွဲရင် စောစောက အထင်ကြီးခြင်းတွေကတော့ လျော့ပါးမသွားခဲ့။

ဒီလူ ဘယ်လိုလူပါလိမ့် . . .။

သူက အောင်မြင်တယ်၊ ရုပ်ချောတယ်ဆိုပြီး မာနကြီးတာလား၊ မောက်မာတာလား၊ ဘာပဲ ဖြစ်ဖြစ် သူ့ဘက်ကပဲ တွေးကြည့်ပေးမယ်ဆိုရင် အချို့ယောကျ်ားတွေက ထင်ပေါ်နေသည့်တိုင် စင်ပေါ်တက်ပြီး မကြွားဝါချင်တတ်ကြပေ။ ရှုပ်ရှုပ်ယှက်ယှက် မကြိုက်ကြတာမျိုးပေါ့။

“ဟော့”

“ရှင်”

“မသွားသေးဘူးလား”

“သွားမှာ ပါ”

သွားမှာ ပါဆိုပြီး နှုတ်ခမ်းစူသွားတဲ့ ကောင်မလေးမျက်နှာကို ကောင်းစားသူ နောက်ထပ် မကြည့်တော့ဘဲ ဦးမျိုးသူကိုသာ လုပ်ငန်းကိစ္စဆက်ပြောဖို့ ကြည့်လိုက်၏။ ဦးမျိုးသူကတော့ ကောင်မလေးကို အားနာနေဟန်။ ကောင်မလေး ထွက်သွားပြီးဆိုမှ . . .

“ ကောင်မလေးကို အားနာစရာ ကိုကောင်းရာ”

“ဒါ အားနာစရာမှ မဟုတ်တာ။ လူတိုင်း ကိုယ့်အလုပ်

ကိုယ်လုပ်နေကြတာ နောက်လည်း တွေ့စရာ အကြောင်းမရှိဘူး။ အခု လည်း ထောက်ထားစရာ အကြောင်းမှ မရှိတာ”

“ကဲ . . . ထားပါတော့ အလုပ်ကိစ္စပဲ ဆက်ပြောရအောင်”

အလုပ်ကိစ္စဆိုမှ ပဲ တင်းနေတဲ့ ကောင်းစားသူ၏ မျက်နှာမှာ ပြေလျော့သွား၏။ သူ ကျောင်းသား ဘဝမှာ စာကြိုးစာရမယ့် အရွယ်မို့ စာကြိုးစားခဲ့ပြီးပြီ။ အခု စီးပွားရေးလုပ်နေတဲ့ အချိန် မှာ စီးပွားရေးကိစ္စ ကလွဲပြီး ဘာမှ စိတ်မဝင်စားချင်ဘူးလေ။

ပိုဆိုးတာက . . .

မိန်းကလေးတွေနဲ့ ရောရောယှက်ယှက် မပတ်သက်ချင်တာပါပဲ။

*

# အခန်း (၂)

ဖူးဝတ်ရည်က အဖော်လိုက်ခဲ့သူမို့ အပြင်မှာ ကျန်ခဲ့တာ ဖြစ်၏။ သီးသန့်ခန်းထဲအထိ ဝင်လိုက်သွားတဲ့ မဒီကတော့ ဘယ်လိုနေမည်မသိ။ သူမကတော့ ရင်တွေ ခပ်တုန်တုန်ပါပဲ။ ဦးကောင်းစားသူကို တွေ့ ရဖို့ ကမလွယ်ဘူးလေ။ ဒီနေ့ ဒီအချိန် ဒီ Restaurant ကို လာမယ်လို့ သူမ တို့ သတင်းအတိအကျရလို့ လာခဲ့တာ။

ဟော . . .

မဒီ ထွက် လာပြီ၊ အဆင်ပြေရဲ့ လားလို့ မမေးခင်ပဲ မဒီက သူမနဲ့ မျက်နှာချင်းဆိုင်မှာ ဆောင့် ခနဲဝင်ထိုင်ပြီး . . .

"မောတာပဲ အဖတ်တင်တယ် ဖူးရေ။ ဘာသတင်းမှ တစ်ခွန်းတစ်ပါဒ မရခဲ့ဘူး"

"ဟင် . . . ဘာဖြစ်လို့ လဲ"

"ဘာဖြစ်ရမှာ လဲ၊ ကျွန်မက သတင်းထောက် မဒီကျော်ထွန်းပါလို့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးလိုက်တာနဲ့ ဖြစ်သွားတဲ့ မျက်နှာက နင့်ကို မြင်စေချင်လိုက်တာ"

"ဘာလဲ . . . နင်အလှကိုမြင်ပြီး မူးမိုက်လဲကျသွားတာလား"

"လဲပါလိမ့်မယ်အားကြီး၊ တကတည်း ဖြစ်သွားလိုက်တဲ့ မျက်နှာက လူကိုပဲ ထရိုက်တော့ မယ့်အတိုင်း"

"ဟယ် . . . အဲဒီလောက်တောင်ပဲလား"

"ငါက မင်းတို့ မေးတာကို ဖြေဖို့ စိတ်ကိုမဝင်စားတာတဲ့ "

"အဲဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"

ရွှေတင် မမဲ့ရဲခဲ့တဲ့ နှုတ်ခမ်းက အခုမှ မဲ့ခနဲပါပဲ။ ဟိုအနားနဲ့ ဒီနားကို ပြောပြချင်လွန်းလို့ မနည်းမျိုသိပ်ခဲ့ရတဲ့ စကားတွေက . . .

"ပြောတာပေါ့ . . . ငါက၊ ဟာ . . . ဘယ်လိုလဲ။ ကျွန်မမေးတာကို ဖြေလိုက်ရင် ရှင့်စင်တာ ပိုပြီး နာမည်ကြီးသွားမှာ ။ ကြော်ငြာသလိုဖြစ်မယ့်ကိစ္စကိုလို့ ပြောလိုက်တော့ သူက ဘာပြန်ပြော တယ် ထင်သလဲ"

"ဘာပြောလဲဟင်"

ဖူးဝတ်ရည် စိတ်မဝင်စားရှာဘူးထင်ပါ့။ မျက်နှာလေး ရှေ့တိုးလာပြီး မေးပုံက ပြူးတူး ကြောင်တောင်နဲ့ လေ။ မဒီက ပခုံးတွန့်လိုက်ပြီး . . .

"မလိုဘူး . . .ကြော်ငြာဖို့ အတွက် မော်ဒယ်လ်တွေရှိတယ်။ ငါ မင်းတို့ မေးသမျှကို ဖြေရ အောင် တရားခံ မဟုတ်ဘူး ။ ပြီးတော့ မင်းသားလိုလည်း ရုပ်လုံးပြစရာ မလိုဘူးတဲ့ "

"တော်တော်ကြီးကျယ်ခမ်းနားပြီး ဘဝင်မြင့်တဲ့ လူပဲ"

မဒီ စကားအဆုံးမှာ ဖူးဝတ်ရည် ဝေဖန်ပစ်လိုက်တာ ပက်ပက်စက်စက်ပါပဲ။ ဟုတ်တယ်လေ။ သူရဲ့ အောင်မြင်မှုအတွက် သူဘယ်လိုဖြတ်သန်းခဲ့ရလဲ။ ဘာရည်ရွယ်ချက်နဲ့ ဘယ်လို တည်ထောင် ဖြစ်သွားတာလဲ။ ဒါလေးမေးလို့ ဖြေလိုက်ရတာ သူ့အတွက် အလုံးလည်း မလျော့ အရပ်လည်း လျော့ မှာ မဟုတ်တဲ့ ကိစ္စကို။

သူ့ထက်မကတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေတောင် TV တွေ ဂျာနယ်တွေမှာ အင်တာဗျူး ဖြေတာတွေ ပလူပျံအောင် ပါနေကြတာပဲ ဥစ္စာ။ သူ့ကျမှ ကြီးကျယ်ရန်ကောလို့ ဖူးဝတ်ရည်ကတော့ မဒီနဲ့ ဆန့်ကျင်စွာ စောစောက အထင်ကြီးသမျှ ခုတော့ ဝုန်းခနဲ ပြိုလဲသွားပြီ။

"နင့်ကို ခေါ်လာခဲ့မိတာ ငါမှားတာပဲ"

"နင်မမှားပါဘူး"

"ဘာ"

"ကဲ . . .တော်ပြီ သူ့အကြောင်း မပြောနဲ့ တော့ သွားမယ်"

"အေးပါ . . . သူ့အကြောင်း ပြောမိတာ ပါးစပ်သနတယ်တောင်ထင်လာပြီ"

နှစ်ယောက်သား Restaurant ထဲမှ ထွက်ခဲ့ကြပြီး တစ်ယောက်ရင်မှာ မကျေနပ်မှုတွေ ခိုဝင် တွယ်ကပ်သွားပေမယ့် တစ်ယောက်ရဲ့ ရင်ထဲမှာ တော့ ဒီလူနဲ့ နောက်ထပ် ဆုံချင်သေးသည် ။ စိတ်ကူး ဆိုတာ လွတ်လပ်ခွင့်အပြည့်နဲ့ လေ။ စိတ္တဇနာမ်သက်သက်မို့ စိတ်ကူးကို ဘယ်သူက မြင်ပြီး လက်ညှိုးထိုး ကဲ့ရဲ့ လို့ ရသလဲ။

"မဒီ"

"ဟင်"

"ငါလိုက်ပို့ရဦးမလား"

"ရတယ် . . .ရတယ် မပို့နဲ့ ။ မဒီက တစ်ယောက်တည်းမကလို့ တစ်ခြမ်းတည်းဖြစ်ဖြစ် မဟာဗန္ဓုလသွေးနဲ့ စပ်ထားတာ"

"ဩော် . . .အရေးထဲ အရိုးစုကို အဖေလိုက်တော်ချင်နေသေးတယ်"

"ကဲ . . . ငါသွားပြီ"

မဒီ . . . သူငယ်ချင်းကို နှုတ်ဆက်ပြီး ကားမောင်းကာ ထွက်လာခဲ့တော့၏။ ဒီနေ့တော့ မောတာပဲ အဖက်တင်တာမို့ သိပ်တော့ မကျေနပ်ချင်။

ကောင်းစားသူတဲ့ . . .

နာမည်နဲ့ လူ တစ်ထပ်တည်းကျအောင် ချမ်းသာသည် လို့ ပြောနေကြတာပဲလေ။ ပြီးတော့ တစ်ဦးတည်းသော သားတဲ့ ။ မဒီတို့ ဘဝနဲ့ များကွာပ့ါ။

မဒီတို့ အိမ်မှာ မဒီက အငယ်ဆုံးဆိုပြီး ဦးစားပေးခံရတော့ မမဒေဝီလေ။ ကားတောင် မမဒေဝီ က ကောင်းတဲ့ ကားကို စီးရပြီး မဒီကတော့ ဒီကားစုတ်နဲ့ ။ ဒါတောင် ဦးခိုင်က ရောင်းပစ်မယ် တကဲကဲ လုပ်နေသေးတာ။

ဒါပေ့ါလေ . . .

မမဒေဝီက အထည်ချုပ်စက်ရုံလေးကို ဦးစီးနေပြီး မဒီက သူတို့ မကြိုက်တဲ့ အလုပ်ကို လုပ်နေတာကိုး။

*

# အခန်း (၃)

"ဒုန်း"

"ကိုဦး"

ဒုန်းဆိုတဲ့ အသံကြောင့် နွဲ့ဆိုး ခါးစောင်းပေါ်မှာ တင်ထားတဲ့ အဝတ်ခြင်းကို လွှတ်ချပြီး အပြင်သို့ ပြေးထွက်လာခဲ့သည် ။ အဝတ်တွေလျှော်မလို့ အဝတ်ခြင်းကို မယူကာ ခါးစောင်းပေါ် တင်လိုက်စဉ်မှာ ပဲ ဒုန်းဆိုတဲ့ အသံကို ကြားရတာလေ။

ဒါ ကိုဦး တစ်ခုခုကို ခလုတ်တိုက်တာပဲနေမှာ ပေါ့။

"ကိုဦး"

". . ."

"ကိုဦး ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး . . .။ ကြောင်ခုန်ချတာထင်တယ်"

"ဒါဆို ဘာရှာနေတာလဲ"

မင်းသူရဦး ချက်ချင်း ပြန်မဖြေဖြစ်ပေ။ တကယ်က သူပြောသလို ကြောင်ခုန်ချတာ မဟုတ်ပဲ လေ။ တစ်ခုခုကို ခလုတ်တိုက်ပြီး သူလဲကျသွားတာပဲဥစ္စာ။ ညာဘက်ခြေမနဲ့ ဒူးနာသွားပေမယ့် ငယ့် အသံကိုကြားလို့ မညည်းရဲဘဲ ပေနေရပြီး မျက်နှာလေးက မဲ့ချင်ချင်။ လက်ကလည်း

တုတ်ကောက်ကို လိုက်စမ်းနေမိတော့ . . .

"ညာစရာမရှိ ညာချင်သေးတယ် . . .ရော့"

နွဲ့ဆိုးက တုတ်ကောက်ကို သူ့လက်ထဲထည့်ပေးပြီး . . .

"မှန်မှန်ပြော ဘယ်နေရာ နာသွားသေးလဲ။ ထပ်မလိမ်နဲ့ နော်။ ဒီမှာ နင်တိုက်မိလို့ ဒီခွေးခြေပု လေး လဲနေတာ"

"တိုက်မိတဲ့ ခြေမထိပ်ကလေးပဲ နည်းနည်းနာသွားတာပါ"

"တွေ့လား ပေါ်ပြီ။ နင်ကလေ ငါ့စကားဆို ဘယ်တော့မှ နားမထောင်ဘူး။ ဘာပဲ လုပ်ချင် လုပ်ချင် ဘယ်ပဲ သွားချင်သွားချင် ငါ့ကိုခေါ်ပါလို့ ပြောထားတာကို"

"ဟ . . . နေရာတကာ သင့်တော်မလား"

"နင်နဲ့ ငါက မောင်နှမ အရင်းခေါက်ခေါက်တောင်မှ အမြွှာလေ။ ဘာမသင့်တော်စရာ ရှိလို့ လဲ"

"အီးပါချင်တာကျ နင်နဲ့ ဖြစ်မလား"

"အမယ် . . . အရင်တုန်းကတည်းက ငါပဲ လိုက်ပို့ပေးနေတာကို"

နွဲ့ဆိုးငယ် မျက်စောင်းထိုးတာကို မင်းသူရဦးက မြင်မှာ မဟုတ်။ ရယ်တော့မလို ပြုံးတော့မလိုနှင့် . . .

"အရင်နဲ့ မတူတော့ဘူးဟ"

"ဘာမတူတာလဲ"

"အဟွန်း . . . အရင်တုန်းက ငယ်သေးတာကိုး။ အခုက အရွယ်ရောက်ကုန်ပြီဆိုတော့ မသင့် တော်တော့ဘူးတဲ့ "

“ဘယ်သူကပြောတာလဲ”

“ဒေါ်ပြုံးချိုလေ”

“ဘယ်တုန်းကပြောတာလဲ”

“မနေ့က”

“အဲဒီ ဒေါ်ပြုံးချိုကလေ မသိတာလည်း မဟုတ်ဘဲနဲ့ ”

ပြောသွားတဲ့ ဒေါ်ပြုံးချိုကိုပဲ နွဲ့ဆိုး အပြစ်တင်လိုက်မိ၏။ သူမတို့ မှာက ဒီမောင်နှမနှစ်ယောက်ပဲရှိတဲ့ အပြင် ကိုဦးက မျက်မမြင်ဒုက္ခိတ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဖေဖေ ရယ်၊ မေမေရယ်၊ ကိုဦးရယ် . . . လားရှိုးကို သွားကြရင်း ကားအက်ဆီးဒင့်ဖြစ်ခဲ့တာ။ ဖေဖေနဲ့ မေမေ က ပွဲချင်းပြီး ဆုံးသွားကြပြီး ကိုဦးကတော့ အသက်ဘေးမှ လွတ်သည့်တိုင် ခုလို မျက်မမြင်ဒုက္ခိတ ဘဝကို ရောက်ခဲ့ရသည် ။

“ဟိုဟာလေ”

“ဘာလဲ”

“ငါလည်း စဉ်းစားမိတယ်။ အီးပါနေတဲ့ အချိန်မှာ နင်ချောင်းကြည့်နေလည်း ငါဘာမှ သိမှာ မဟုတ်ဘူး လို့ ”

“အမယ် . . . ကောင်စုတ် မောင်နှမချင်း ငါက ချောင်းကြည့်နေစရာလား”

“မောင်နှမချင်းမို့ ချောင်းမကြည့်ဘူးဆိုတော့ သူစိမ်းကောင်ဆို ချောင်းကြည့်မယ့် သဘောလား”

“ကိုဦးနော်”

နွဲ့ဆိုးအော်သံ ခပ်စွာစွာလေးကိုပဲ သဘောကျလို့ မင်းသူရဦးစနေ

တာပါ။ ကိုယ့်ညီမလေးကို သနားပေမယ့် ဘာမှ မတတ်နိုင်။ တစ်ခါတစ်ခါ ကိုယ့်ဘဝကို နာကြည်းလို့ မျက်ရည်ကျမိသည် အထိ။ ကိုယ်သာ ဒုက္ခိတတစ်ယောက် မဟုတ်ခဲ့ရင် ဒီဘဝဒီအခြေအနေမျိုးမှာ ရပ်တည်နေရမှာ မဟုတ်။

ခုတော့ . . .သူများ ပေးစာကမ်းစာကို စားပြီး မျက်နှာကောင်းမရတဲ့ ဘဝ။ ပေးစာကမ်းစာဆိုတာလည်း ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တာ ခံရတာလေ။ နွဲ့ဆိုးခများ ကိုယ့် ကိုလည်း ပြုစုရ သူတို့ ခိုင်းသမျှကိုလည်း လုပ်ရနဲ့ ဖတ်ဖတ်ကို မောနေမှာ ပဲပေ့ါ။

"ကိုဦး"

"ဟင်"

"အခု ကိုဦး ဘယ်သွားမလို့ လဲ။ မမြင်မစမ်းနဲ့ တော့ လျှောက်မသွားနဲ့ ကိုဦးရယ်။ ငယ်လိုက်ပို့ ပေးမှာ ပေ့ါ"

"ငါသွားမှာ လား"

"အင်းလေ"

"ငါ ရေအိမ်ဝင်ချင်လို့ ဟ"

"ဩော် . . . အဲဒါ စောစောက ပြောပါတော့လား။ ထွက်ကျကုန်တော့မှာ ပဲ လာ . . . လာ"

"မကျလို့ နေတာပေ့ါ"

ကိုဦးက ပြန်အော်လေ၏။ နွဲ့ဆိုး . . . ကိုဦးလက်မောင်းကို တွဲ၍ ဆင်းလာခဲ့ရာ အိမ်လေး က ခပ်မြင့်မြင့်ပဲမို့ လှေကားမှာ ဖြည်းဖြည်းပဲ ဆင်းစေ၏။

"ဟိုစကားက တို့ မောင်နှမအတွက်တော့ မှန်နေပြီ"

"ဘယ်စကားလဲ"

"အကန်း ချေးတည်ဆိုတော့လေ"

"ကိုဦးကလည်း "

"ရပြီ . . .ရပြီ နင်သွားတော့။ ဟိုအထဲကို ငါ့ဘာသာပဲဝင်မယ်"

"ရလို့ လား"

"ရပါတယ်ဆိုဟာ . . .။ ငါက နင့်ကိုပဲ တစ်သက်လုံး အားကိုးနေရမှာ လား"

"ကိုးပေါ့"

"အမယ် . . .နင်က ယောက်ျား မယူတော့ဘူးတဲ့ လား"

"မယူပါဘူး"

မင်းသူရဦး မဲ့ခနဲဖြစ်သွားပြီး . . .

"ကြိုက်တာ မတွေ့သေးတုန်း ပြောထားဦးပေါ့"

လက်မောင်းကို ကိုင်ထားတဲ့ နွဲ့ဆိုးလက်ကို ဖယ်ချခဲ့ပြီး မင်းသူရဦး ကိုယ့်ဘာသာပဲ ဆက်လျှောက်ခဲ့တော့သည် ။ နွဲ့ဆိုးငယ်ငယ်က အငိုသန်လို့ နွဲ့ဆိုးလေးဆိုပြီး နွဲ့ဆိုးငယ်လို့ နာမည်ပေးခဲ့တာပါ။ သူ့မှာ ဒီညီမလေးကိုပဲ ချစ်လိုက်ရတာ တုန်လို့ ။ ခုတော့ ကိုယ်က သူ့ကိုပဲ ပြန်ပြီး အားကိုးနေရတာကို တွေးမိတိုင်း ရင်နင့်အောင် ခံစားရ၏။

တော်သေးတာပေါ့ . . .

ကားမှောက်တုန်းက ငယ်မပါလို့ လေ။ အဲဒီတုန်းက ငယ့်ကို

ခရီးပန်းတတ်တယ်ဆိုပြီး အိမ်မှာ ဒေါ်ပြုံးချိုနဲ့ ထားခဲ့တာ။ ဒါ ကံက ပယ်လိုက်ခြင်းပဲပေါ့။

"ငယ် . . .နင်ငါ့ကို ခိုးမကြည့်နဲ့ နော်"

"မကြည့်ပါဘူးဟာ . . . တံခါးပိတ်ထားမှာ မဟုတ်ဘူး လား"

"နင်လိုက်လာမှာ စိုးလို့ "

"ဒီနေ့မှ ပစိပစပ်အသံ တော်တော်ကြားနေရပါလားနော်"

ခေါင်းကုတ်ရင်းပဲ နွဲ့ဆိုး ငုတ်တုတ်ကလေး ထိုင်စောင့်နေရသည် ။ ရေအိမ်ဝင်တဲ့ သူ မကြာလား ကြာလား ဒူးပေါ်ခေါင်းလေးမှေးတင်ရင် မှေးခနဲ အိပ်ပျော်သွားစဉ်မှာ ပဲ . . .

"ငယ်"

". . ."

"ငယ်"

"ဟင်"

နား အနားကို ကပ်အော်သံကြားမှ ပဲ . . .

"ကိုဦးကလည်း ကြာလိုက်တာ . . .ဝါး"

"အမယ် . . . အိပ်ပျော်သွားတာလား"

"ကိုဦးက အရမ်းကြာတာကိုး"

"ငါဝမ်းချုပ်နေလို့ ပါဟ"

"အဲဒါ ငယ် ဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး ဝယ်ပေးထားတယ်လေ။ မသောက်ဘူးလား"

"ရှာမတွေ့လို့ မသောက်ဖြစ်တာ . . .ဒီတစ်ခါ ဆယ်လုံးလောက်ကို သောက်ပစ်လိုက်ဦးမယ်"

"ဆယ်လုံးကြီးတောင်"

"ဟုတ်တယ်"

"ပုဆိုးမလွတ် ဖြစ်ကုန်မှာ ပေါ့ ကိုဦးရဲ့ "

"ဟဲ့နှစ်ယောက်"

"ဗျာ"

"ရှင်"

လင်ကောင်ပိုးငှက်တွေ အသံစူးနဲ့ အော်ရင် မင်္ဂလာမရှိဘူး အမင်္ဂလာဖြစ်တယ်တဲ့ ။ လူအသံစူးစူးနဲ့ အော်လိုက်တာကြတော့ ဘယ်လိုခေါ်ကြမလဲ။ ဒေါ်မျိုးမျိုးကျော် အော်လိုက်တာနှင့် ငယ်တို့ မောင်နှမ နှစ်ယောက် မျက်စိသူငယ် နားသူငယ်ပုံပေါက်သွားကြသည် ။

"ဒီခြံထဲမှာ နင်တို့ ချည်းပဲ နေတာ မဟုတ်ဘူး ဟဲ့။ သူများ တွေ စားချင်စားနေမယ်၊ သောက်ချင် သောက်နေမယ်ဆိုတာ နည်းနည်းလေးမှ မစဉ်းစားဘူးလား။ တကတည်းတော် . . . မစင်တရား ဟောနေလိုက်တာ။ တစ်လောကလုံးမှာ သူတို့ နှစ်ယောက်တည်းရှိနေတဲ့ အတိုင်းပဲ အသိကို မရှိဘူး"

နှစ်ယောက်စလုံး ဇက်ကလေးတွေ ပုသွားကြ၏။ ဟိုတုန်းကတော့ ဒေါ်မျိုးမျိုးကျော်ဆိုတာ သူတို့ ရဲ့ အထိန်းတော်တစ်ယောက် ဘဝမျိုးပါ။ နွဲ့ဆိုးတို့ ဦးလေးဝမ်းကွဲရဲ့ မိန်းမ။ နွဲ့ဆိုးတို့ မိဘတွေ ဆုံးကုန်တုန်းကတော့ လေးလေးကျော်ထွန်းရှိသေးလို့ နွဲ့ဆိုးတို့ မောင်နှမ ခုလိုဘဝမျိုးကို မရောက် သေးပေ။

ပိုင်ဆိုင်သမျှ ပစ္စည်းတွေကတော့ အုပ်ထိန်းသူလို့ ကြွေးကြော်ပြီး ဒေါ်မျိုးမျိုးကျော်က သွန်ချင်သွန် မှောက်ချင်မှောက် လုပ်နေခဲ့တာ။ လေးလေးထွန်းကလည်း မယားကြောက်ရတော့ မပြောရဲ။ နွဲ့ဆိုးတို့ မောင်နှမအပေါ်မှာ တော့ ဂရုစိုက်မပျက်ခဲ့ပေ။ ကိုဦးမျက်လုံးကို ခွဲစိတ်ကုသပေးမယ်လို့ လုပ်နေတုန်းမှာ ပဲ လေးလေးထွန်းက ကွယ်လွန်သွားပြန်၏။

ဒါ နွဲ့ဆိုးတို့ မောင်နှမရဲ့ ဘဝကံဆိုးမိုးမှောင်ကျဖို့ အကြောင်းဖန်လာခြင်းပါပဲ။ ခုတော့ သူတို့ နဲ့ နှစ်ဝမ်းကွဲအစ်မတွေဖြစ်တဲ့ ဒေဝီကျော်ထွန်းနဲ့ မဒီကျော်ထွန်းဆိုရင် သူတို့ ပြန်မော့မကြည့်ရဲအောင် ကြောက်နေရမှာ မျိုးလေ။ အိမ်ရှင်ကို ပြန်ကိုက်တဲ့ ခွေးလိုပေ့ါ။ အိမ်ကြီးပေါ်က ဆင်းပြီး အလုပ်သမားတွေနေတဲ့ ဒီအိမ်လေးပေါ်မှာ နေခဲ့ပေးတဲ့ အထိ သည်းခံခဲ့ပြီးပြီ။ သည်းမခံနိုင်တဲ့ အခါ လည်း ပြန်အော်မိတဲ့ အခါ ရှိသည် ပေ့ါ။

မိဘတွေက ရုတ်တရက် ဆုံးသွားတာဆိုတော့ . . .

အမွေကိစ္စတွေလည်း ဘာမှ မလုပ်ခဲ့နိုင်ဘူးလေ။ ဒါကြောင့် ဒီမိန်းမကြီး ချယ်လှယ်ချင်တိုင်း ချယ်လှယ်ခွင့်ရနေခဲ့တာ။ အိမ်ကြီးပေါ်မှာ အတူနေခဲ့ကြတုန်းက . . .

"ဟဲ့ . . . ဟိုဟာမစားချင်ဘူး၊ ဒီဟာမစားချင်ဘူးနဲ့ လုပ်နေရအောင် ဒီအိမ်မှာ နင်တို့ လုပ်စာ တစ်ပြားမှ မရှိဘူးနော်။ ဖွယ်ဖွယ်ရာရာ ချက်ကျွေးရအောင် နင်တို့ က ဘုန်းကြီးတွေ သီလရှင်တွေ မဟုတ်ဘူး ။ စားနိုင်ရင်စား၊ မစားနိုင်ရင် သွန်ပစ်လိုက်"

ဆိုတာကတစ်မျိုး . . .

"ငါ့မိဘ စည်းစိမ်တွေဆိုပြီး အိမ်ကြီးမြင်နေရလို့ မာန်တက်မနေကြနဲ့ ။ နင်တို့ မိဘတွေ သေတာနဲ့ လာလိုက်တဲ့ ကြွေးသမားတွေက

လိပ်ခေါင်းလို ဝင်ချည်ထွက်ချည် ဖြစ်နေတာ။ အဲဒါ ကြောင့် နင်တို့ ဦးလေး ငါ့ယောက်ျားက သေတဲ့ သူတွေ နောင်သံသရာမပါအောင် အတွင်းပစ္စည်းတွေ ထုခွဲရောင်းချပြီး ကြွေးတွေဆပ်ရတာ သိရဲ့ လား”

ဆိုပြီး ဘယ်ဆွေမျိုးပဲ လာမေးမေး ကြွေးရှင်ဆိုတာတွေကို ခေါ်လာပြီး အကြောင်းပြချက် ကောင်းကောင်း နှင့် ဖြေရှင်းခဲ့သူ။ နွဲ့ဆိုးတို့မှာ ဆွေမျိုးကလည်း ရှားပါး၊ ရှိတာတွေက နှစ်ဝမ်းကွဲ သုံးဝမ်းကွဲတွေဖြစ်သည့်အပြင် နိုင်ငံခြားသွားသူကသွား၊ နယ်မှာ နေသူကနေ ဆိုတော့ ကူရာကယ်ရာ မဲ့ ဘဝပါ။

နောက်ဆုံး . . .

ဦးသက်ခိုင်ဆိုတဲ့ ကြွေးရှင်တစ်ယောက် ရောက်လာပြန်ခဲ့သည် လေ။ ဖေဖေက အိမ်နဲ့ ခြံကို သူ့ဆီမှာ ပေါင်ခဲ့တာတဲ့ ။ နွဲ့ဆိုးတို့ က ကလေးတွေဆိုတော့ သူတို့ ပြောတိုင်း ယုံခဲ့ရတာပဲလေ။ ဒေါ်မျိုးမျိုးကျော်က အားလုံးအခြေမဲ့ အနေမဲ့ဖြစ်ကုန်မှာ စိုးလို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ ဦးသက်ခိုင် ကို လက်ထပ်လိုက်ပြီး နောက်ပိုင်းမှာ တော့ နွဲ့ဆိုးတို့ ဘဝက ဤသို့ ဤနှယ်။

“ငဦး”

“ဗျာ”

ခေါ်ပုံကို ကြည့်ဦးလေ။ ဟိုတုန်းကတော့ ကိုဦးတဲ့ ။ ခုတော့ ငဦးဖြစ်နေပြီး။

“နင်ကလည်း လေ ကန်းလို့ ပေပဲ”

“ကန်းလို့ ပဲ ရမ်းတုတ်နေတာပေါ့ အန်တီမျိုးရဲ့ ”

“ဘာ”

"ကျွန်တော်က ကန်းနေတဲ့ သူဆိုတော့ ဘယ်သူကိုမှ မမြင်ဘူးလေ။ အဲဒါကြောင့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်ပဲ လောကကြီးမှာ ရှိတယ်ထင်ပြီး စိတ်လွတ်ကိုယ်လွတ်နဲ့ အသံ ကျယ်ကျယ်ပြောမိတာပါ"

"ဟဲ့ . . .ကန်းတဲ့ လူက မမြင်ပေမယ့် မကန်းတဲ့ လူက မြင်ရမယ်လေ ။ မကင်းရာ မကင်းကြောင်းနဲ့ ဒီအိမ်မှာ ထားတာကို ကျေးဇူးမတင်ချင်နေ။ ငါ့ယောက်ျား ကြည်ဖြူအောင်တော့ နည်းနည်းပါးပါးသိတတ်ကြ"

"အန်တီမျိုးပြောချင်တာ ဒါပဲမို့လား။ နောက်ကို နွဲ့ဆိုးတို့ ဆင်ခြင်ပါ့မယ်"

"အမယ် . . . မိနွဲ့ဆိုး"

နွဲ့ဆိုး အသံမာဆတ်ဆတ်ကြောင့် ဒေါ်မျိုးမျိုးကျော် မြွေပွေးကို တုတ်နဲ့ တို့ စသလို ဖြစ်သွား၏။

"ညည်းအသံကို အခုပြန်ပြင်ပြီး ပြောစမ်း"

ပြန်ပြင်ပြောရင် ဒီထက်လေသံက ထပ်မာဖွယ်ရာပဲ ရှိတာမို့ နွဲ့ဆိုး ရေငုံနှုတ်ပိတ်နေလိုက် ခြင်းမှာ . . .

"ကျွန်တော် တောင်းပန်ပါတယ် အန်တီမျိုး။ ငယ်အပြောမတတ်တာကို ဟိုတုန်းက ကတည်းက အန်တီမျိုး သိခဲ့တာပဲဗျာ"

"အခြေအနေက မတူတော့ဘူးလေ။ အခြေအနေနဲ့ အလိုက်အထိုက်ကို နားလည်မှ ပေါ့တဲ့ "

သြော် . . .သူတို့ ဘဝက အိမ်ရှင်ကို ညွှတ်မောင်း၊ ယာရှင်ကို မျောက်မောင်း ပုံစံမျိုးပါလား။ ဟိုတုန်းက ဒီလေသံမျိုးနဲ့ သူတို့ အပေါ် ဆက်ဆံခဲ့တာ မဟုတ်ဘူး ဆိုတာ ကျမ်းသစ္စာကျိန်ဆိုပြီး ပြောရဲပါသည် ။

*